

# မြန်မာနိုင်ငံ အဆင့်မြင့်ပညာနှင့် ဥရောပကော်မရှင်တို့၏ သင်တန်း

## (MuEuCAP First Internship Program 2019)



မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲရေးအတွက်၊ နိုင်ငံရေး၊ စီပွားရေး၊ ပညာရေးစနစ် ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တက္ကသိုလ် အဆင့်မြင့်ပညာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အချင်းမီ ပညာရှင်များ ပေါ်ထွန်းလာရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် စီစဉ်ဆောင်ရွက်ရာတွင် Europeam Comission မှ ထောက်ပံ့သည့် MuEuCAP အစီအစဉ် တစ်ခုလည်း အပါအဝင် ဖြစ်သည်။ မြန်မာနိုင်ငံ အဆင့်မြင့်ပညာ ဦးစီးဌာနနှင့် ဥရောပကော်မရှင်(European Commission) တို့၏ Erasmus+ project အစီအစဉ်အရ မြန်မာနိုင်ငံမှ တက္ကသိုလ် (၃) ခု (မန္တလေး၊ မော်လမြိုင်၊ မြိတ်)နှင့် ဥရောပတက္ကသိုလ် (၃)ခု (University of Gottingen-UGOE, University of Natural Resources and Life Sciences-BOKU, University of Extremadurs-UEx) တို့ပူးပေါင်းကာ မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေးဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး သင်ရိုးညွှန်းတမ်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးနှင့် နိုင်ငံတကာဆက်နွယ်ဆောင်ရွက်နိုင်ရေးအတွက် အားပေး ကူညီရန် MuEuCAP စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်သည်။ တစ်နည်း ဆိုသော် ကမ္ဘာတစ်ဝန်း တိုးတက်ပြောင်းလာသည့် ခေတ်မီ နည်းပညာစနစ်တွင် မြန်မာနိုင်ငံ တက္ကသိုလ်အသီးသီး၌ သင်ကြားတတ်မြောက်ခဲ့သော ဘွဲ့ရ၊ ဘွဲ့လွန် ပညာရှင်များသည် ခေတ်နှင့်အညီ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲ ရေရှည်တည်တံ့ရေး ဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ရင်ဘောင်တန်းကာ လက်တွေ့နယ်ပယ်တွင် ကိုယ်စွမ်း ဉာဏ်စွမ်း အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ရည်မှန်းကာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်သည်။ ဥရောပကော်မရှင် European Commission ၏ Erasmus+ project အစီအစဉ်ဖြင့် ရန်ပုံငွေ ထောက်ပံ့ ကူညီပေးကာ စီမံကိန်းကာလမှာ (၃)နှစ် ဖြစ်ပြီး၊ ၂၀၂၀ အထိ ဖြစ်သည်။

စီမံကိန်း ရည်မှန်းချက်လုပ်ငန်းအား ယေဘုယျဆိုရလျှင် မြန်မာ၊ ဥရောပတက္ကသိုလ် (၃)ခုစီမှ ဘွဲ့လွန် မဟာသိပ္ပံဘွဲ့သင်ကြားသည့် ဆရာ/ဆရာမများနှင့် ဥရောပ တက္ကသိုလ် (၃) ခုမှ ဆရာ/ဆရာမများ သင်ကြားသည့် နည်းစနစ် အပြန်အလှန် သွားရောက် လေ့လာကာ ကောင်းမွန်သည့် နည်းလမ်း စီစဉ်ရေးဆွဲ

*MBNS ရုံးခန်းတွင် စာရေးဆရာ ဓာတ်ပုံပညာရှင် ဦးစိန်မျိုးမြင့်မှ အသိပညာပေး မဂ္ဂဇင်းစာအုပ် ဒီဇိုင်းပြုလုပ်ပုံ ရှင်းလင်းသင်ကြားပုံ*



*MBNS ရုံးခန်းတွင် ဦးကျော်မျိုးနိုင်မှ First MuEuCAP Internship Program 2019 အစီအစဉ် ဖွင့်ပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်*



ရေးနှင့် မဟာသိပ္ပံ တက်ရောက်သည့် ကျောင်းသူ/သားများ အပြန်အလှန် သွားရောက်လေ့လာသင်ယူရေး အစီအစဉ်များ ပြုလုပ်ကာ မြန်မာနိုင်ငံ အဆင့်မြင့် ပညာရေးဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး သင်ကြားရေးစနစ် ပြောင်းလဲ တိုးတက်စေရန် စီစဉ်



နေခြင်း ဖြစ်သည်။ အဆိုပါ တက္ကသိုလ်ခြောက်ခု ပူးပေါင်းဆောင်ရွက်ရာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းအနေဖြင့် မြန်မာငှက်နှင့် သဘာဝထိန်းသိမ်းရေး အသင်းမှ မြန်မာနိုင်ငံအတွင်း ဇီဝမျိုးစုံမျိုးကွဲ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာကွန်ဖင်းရှင်း၊ အဖွဲ့အစည်းများနှင့် လက်တွဲကာ လက်တွေ့အကောင်အထည်ဖော် လုပ်ငန်းများ၊ ထိန်းသိမ်းရေး

လှော်ကားဥယျာဉ်တွင်
မြန်မာငှက်မျိုးစိတ်
အကြောင်းနှင့်
မြန်မာနိုင်ငံတစ်ဝန်း
ကျက်စားသည့်
ငှက်မျိုးစိတ်များအကြောင်း
ရှင်းလင်းသင်ကြားပုံ



လှော်ကားဥယျာဉ်တွင် လှော်ကား မြေပုံ၊ သံလိုက်အိမ်မြှောင်၊ ဂျီပီအက်စ်များ အသုံးချကာ တွေ့မြင်ခဲ့သည့် တောရိုင်းတိရစ္ဆာန် ခြေရာ၊ လမ်းကြောင်းနှင့် အခြား လက္ခဏာများမှ ဂေဟာစနစ် အမြင် လေ့လာသုံးသပ်ချက် ရှင်းလင်း သင်ကြားပုံ

ဆိုင်ရာ မူဝါဒသဘောထား၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်း များနှင့် လုပ်ငန်းအတွေ့အကြုံ ဗဟုသုတများကို ဖြည့်ဆည်းရေးအတွက် တာဝန်ယူဆောင်ရွက်ရန် ပါဝင်ခဲ့သည်။

MuEuCAP စီမံကိန်း အစီအစဉ်အရ Intership Program အကောင်အထည်ဖော်ရေး ပါဝင်သည်။ တက္ကသိုလ်ပညာရေးတွင် လေ့လာဆည်းပူးသည့် ကျောင်းသား/သူများအနေဖြင့် မြန်မာနိုင်ငံအတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ဆောင်

လျှက်ရှိသည့် သဘာဝ၊ ပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟာစနစ်၊ ခရီးသွားလုပ်ငန်း၊ ဒေသအစုအဖွဲ့အခြေပြု ထိန်းသိမ်းရေး ဆိုင်ရာ လက်တွေ့လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကာ လုပ်ငန်းအတွေ့အကြုံ ဗဟုသုတများနှင့် ဘာသာရပ်ဆိုင်ရာ လိုအပ်နေသည့် အချက်အလက်များကို ကောင်းမွန်စွာ လေ့လာဆည်းပူး နိုင်သည်။ အဆိုပါ ပထမအကြိမ် First Internship Program ကို ၂၀၁၉ ခုနှစ် အောက်တိုဘာမှ ၂၀၂၀ ဖေဖော်ဝါရီလအတွင်း ပြုလုပ်ရန် လျာထား သတ်မှတ်ထားပြီး၊ လေ့လာရန် အသင်းအဖွဲ့အနေဖြင့် မြန်မာငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်း Myanmar Bird and Nature Society




လှော်ကား ဥယျာဉ်တွင် မြေပုံ ဖတ်နည်း၊ အသုံးချနည်း၊ သံလိုက် အိမ်မြှောင်၊ ဂျီပီအက်စ် အသုံးချနည်း၊ တောတွင်း သွားလာလေ့လာခြင်း သင်ကြားပုံ




မန္တလေးတိုင်း၊ ပလိပ်အင်းရေတိမ်ဒေသနှင့် ရေတိမ်ဒေသအတွင်း ကျက်စားသည့် ဆောင်းခိုရေငှက်များ လေ့လာခြင်း

(MBNS)၊ တောရိုင်းတိရစ္ဆာန် မိတ်ဆွေများအသင်း Friends of Wildlife (FOW) ၊ Fauna and Flora International (FFI)၊ Harrison Institute တို့ ဖြစ်သည်။ First Internship Program တွင် ပါဝင်လုပ်ကိုင်လိုသူများအနေဖြင့် တက္ကသိုလ် (၃)ခုမှ အစိုးရမဟုတ်သော အဖွဲ့အစည်းအလိုက် လုပ်ဆောင်သည့် လုပ်ငန်းများအပေါ် စိတ်ဝင်စား

**ဒေါက်တာသိန်းအောင်**

မှုကို ဆန္ဒသဘောထား ထုတ်ဖော်ရေးသား တင်ပြချက်နှင့်အတူ လူတွေ့ စစ်ဆေးမေးမြန်းမှုပြုကာ (၁၈) ဦး ရွေးချယ်ခဲ့သည်။

မြန်မာ့ငှက်နှင့် သဘာဝ ထိန်းသိမ်းရေး အသင်း၏ တာဝန်ယူဆောင်ရွက်သည့် ထိန်းသိမ်းရေး ဆိုင်ရာလုပ်ငန်းများကို လေ့လာရန် ရွေးချယ်ခံရသူများမှာ

၁။ ဒေါ်မီသူမောင် သရုပ်ပြဆရာမ၊ ပါရဂူကြိုသင်တန်း၊ မန္တလေးတက္ကသိုလ်

၂။ မယုကေဇင်ထွန်း၊ ကျောင်းသူ၊ ပါရဂူကြိုသင်တန်း၊ မန္တလေးတက္ကသိုလ်

၃။ မဇင်မာဝင်း၊ မဟာသိပ္ပံ (ဘွဲ့လွန်) တန်း၊ မြိတ်တက္ကသိုလ်

၄။ မရွှေရည်ဝင်းထွန်း၊ ဂုဏ်ထူးတန်း၊ မြိတ်တက္ကသိုလ်တို့ ဖြစ်သည်။

မြန်မာ့ငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်းအနေဖြင့် အကောင်အထည်ဖော် Natural Environment ၊ ဇီဝမျိုးစုံမျိုးကွဲ Biodiversity ထိန်းသိမ်းရေး၊ ရှေးဓလေ့ထုံးတမ်းအစဉ်အလာ ယဉ်ကျေးမှု၊ သဘာဝအခြေခံခရီးသွား Ecotourism ၊ ထာဝစဉ်တည်တံ့စေမည့် ခရီးသွားလုပ်ငန်း Sustainable Tourism ဆိုင်ရာ သတင်း၊ ဆောင်းပါး၊ ဂျာနယ်၊ မဂ္ဂဇင်းပြုစုရေးသားခြင်း၊ ထုတ်ဝေခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား ထုတ်လွှင့်မှု အစီအစဉ်များ အသိပညာပေး အစီအစဉ်များကို လက်တွေ့ရှင်းလင်း ပြသသည်။

မြန်မာ့ငှက်နှင့် သဘာဝထိန်းသိမ်းရေး အသင်းရုံးတွင် အသိပညာပေးဆိုင်ရာ လုပ်ငန်းများ လေ့ကျင့်ဆောင်ရွက်စဉ် ငှက်ထိန်းသိမ်းရေး စိတ်ပါဝင်စားသူ တစ်ဦးမှ ရန်ကုန်မြို့ မြို့လယ်ဈေးမှ ရလာသည့် ရောင်စုံစနိုက် (Painted Snipe) ငှက် တစ်ကောင်အား အသက်ကယ်ဆယ်ရန် လာရောက်အပ်နှံရာ ကျန်းမာရေး စစ်ဆေးလက်ခံခြင်း၊ သတင်းမှတ်တမ်းနှင့် ဓာတ်ပုံမှတ်တမ်းရယူခြင်း အဆင့်ဆင့် လုပ်ဆောင်ပုံများကို Internship တက္ကသိုလ်အဖွဲ့အား လက်တွေ့ပြသသည်။ ထို့နောက် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ပို့ဆောင်ကာ တာဝန်ခံဆရာဝန်နှင့် တိုင်ပင်ပြီး၊ ကျန်းမာရေး၊ ပြုစုစောင့်ရှောက်ရေး လက်တွေ့လုပ်ငန်းများကို ရှင်းလင်းပြသခဲ့သည်။ မြန်မာနိုင်ငံတွင် အသက်ဘေးအန္တရာယ် ကျရောက်သည့် တောရိုင်းတိရစ္ဆာန်များ ကယ်ဆယ်ရေး၊ သဘာဝစားကျက်နယ်မြေသို့ ပြန်လည် လွှတ်ပေးရေး အစီအစဉ်များကို အကောင်အထည်ဖော်ရန် အမှန်တကယ် အထူးလိုအပ်သည့် အချိန်ကာလပင် ဖြစ်သည်။

ဦးစိန်မျိုးမြင့် အယ်ဒီတာမှ လူထုအသိပညာပေး နည်းလမ်းနှင့် ပတ်သက်သည့် အကြောင်း အရာများ၊ သတင်း၊ ဆောင်းပါး၊ ဂျာနယ် ရေးသားရန် အကြောင်းအရာ အချက်အလက်များကို ကွင်းဆင်း လေ့လာစုဆောင်းနည်း၊ မှတ်တမ်း ဓာတ်ပုံရိုက်ယူနည်းတို့ကို ရှင်းလင်းသည်။ ဆက်လက်၍ ရှေးဟောင်းယဉ်ကျေးမှုနှင့် ပတ်သက်၍ အတွေ့အကြုံဗဟုသုတများကို ရှင်းလင်းပြောကြားသည်။ သတင်းဆောင်းပါး အချက်အလက်စုဆောင်းရေးသားခြင်းအနေဖြင့် ယမန်နေ့က လာရောက်အပ်နှံသည့် ရောင်စုံစနိုက်အကြောင်း သတင်းကို လက်တွေ့လေ့ကျင့် ရေးသားစေခြင်း၊ ရေးသားချက်အပေါ် လိုအပ်ချက်များကို ဆွေးနွေး ရှင်းလင်းခြင်းတို့ ပြုလုပ်သည်။

မြန်မာ့ငှက်နှင့် သဘာဝ ထိန်းသိမ်းရေး အသင်းရုံးတွင် ၅ ရက်ခန့် သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲ၊ ဂေဟစနစ်နှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ထိန်းသိမ်းရေး အသိပညာပေးဆိုင်ရာ လုပ်ငန်း



ဆောင်ရွက်လျှက်ရှိသည့် သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲ၊ သဘာဝနယ်မြေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် လူထုအသိပညာပေး၊ ဇီဝမျိုးစိတ် ကွင်းဆင်းလေ့လာရေး၊ ငှက်မျိုးစိတ်လေ့လာရေး၊ ငှက်ကြည့်ခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများကို လက်တွေ့လေ့လာရေးတို့ကို နားလည်ကာ ပါဝင်ဆောင်ရွက်တတ်ရန် စီစဉ်ပေးခဲ့သည်။

မြန်မာ့ငှက်နှင့် သဘာဝ ထိန်းသိမ်းရေး အသင်း၏ အဓိကရည်မှန်းချက် ဖြစ်သည့် သဘာဝ Nature ၊ သဘာဝပတ်ဝန်းကျင်

*လှော်ကားဥယျာဉ်အတွင်း ငှက်မျိုးစိတ် လေ့လာခြင်း (ထက်)*
*First MuEuCAP Internship Program 2019 နောက်ဆုံးနေ့ သင်တန်းဆင်း လက်မှတ် ပေးအပ်စဉ် (ယာပုံလေးပုံ)*



အဆင့်ဆင့် လက်တွေ့လုပ်ကိုင်မှုများ သင်ကြားလေ့ကျင့်ပြီးနောက် လော်ကား ဥယျာဉ်သို့ သွား၍ ညအိပ်စခန်းချသည်။ လော်ကား ဥယျာဉ်သည် သစ်တောဦးစီးဌာနမှ သဘာဝ ထိန်းသိမ်းရေးနယ်မြေ Natural Protected Area အဖြစ် သတ်မှတ်ကြေညာကာ ထိန်းသိမ်းထားသော ဥယျာဉ် ဖြစ်သည်။ ဥယျာဉ်ကို တိရစ္ဆာန်ဥယျာဉ်ငယ် Miniature Zoo ၊ တိရစ္ဆာန်ဥယျာဉ် Open Zoo ၊ ကြားခံနယ်မြေ Buffer Zone အဖြစ် ပိုင်းခြားသတ်မှတ် ထိန်းသိမ်းထားသည်။ တိရစ္ဆာန်ဥယျာဉ်ငယ်အတွင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးပြခန်း အဆောက်အဦ၊ အသားစား သတ္တဝါများဖြစ်သည့် ကျား၊ ကျားသစ်၊ မိကျောင်း၊ ဝက်ဝံများကို ကျုံးစနစ်ဖြင့် လည်းကောင်း၊ ငှက်မျိုးစိတ်တချို့ကို ခြံလှောင်အိမ်စနစ်ဖြင့်လည်းကောင်း ထိန်းသိမ်း ပြသထားသည်။ တိရစ္ဆာန်ဥယျာဉ်အတွင်း နွားနောက်၊ ဆတ်၊ ဒရယ်၊ ချေ၊ တောဝက်၊ တောကြောင်၊ ရှဉ့်၊ မျောက် တို့ကို သဘာဝအတိုင်း ကျက်စားစနစ်ဖြင့် ထိန်းသိမ်းထား ရှိသည်။ ဥယျာဉ်အတွင်း မူလသဘာဝအတိုင်း နေထိုင်ကျက်စားသည့် လိပ်၊ မြွေ၊ ဖား၊ ဖွတ်၊ ပတပ် ကဲ့သို့ တွားသွား သတ္တများ၊ ငါးနှင့် ရေသတ္တဝါ တို့ကိုလည်း သဘာဝအတိုင်း ထိန်းသိမ်းထားသည်။ လော်ကားဥယျာဉ်တွင် တောရိုင်းတိရစ္ဆာန်၊ သဘာဝပေါက်ပင်နှင့် ဆက်စပ်နေသည့် သဘာဝစားကျက်၊ ဂေဟစနစ်များကိုလည်း သဘာဝဖြစ်စဉ်အတိုင်း ထိန်းသိမ်းထားသည်။

လော်ကားဥယျာဉ်အတွင်း စခန်းချနေထိုင်ကာ သဘာဝပတ်ဝန်းကျင်တွင် စခန်းချနေထိုင်ရာတွင် ပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များ ထိခိုက်မှု နည်းစေရေးအတွက် ဆောင်ရန် ရှောင်ရန် အချက်များကို ရှင်းလင်းပြီး၊ လက်တွေ့လိုက်နာ နေထိုင်ခြင်းများကို ကိုယ်တွေ့ကျင့်ကြံ နေတတ်အောင် လေ့ကျင့်ကြသည်။ တစ်ချိန်တည်းတွင် သဘာဝပတ်ဝန်းကျင်အတွင်း သံလိုက်အိမ်မြှောင်၊ ဂျီပီအက်စ်နှင့် မြေပုံ အမျိုးအစားအမျိုးမျိုး အသုံးချ၍ ခြေလျင်သွားလာခြင်း၊ မြေပုံ၊ သံလိုက်အိမ်မြှောင်၊ ဂျီပီအက်စ် အညွှန်းအတိုင်း သဘာဝပတ်ဝန်းကျင်အတွင်း လျှို့ဝှက်သတ်မှတ်နေရာများကို သွားရောက် ရှာဖွေဖော်ထုတ်ခြင်းတို့ လေ့ကျင့်ကြသည်။ ဆက်လက်၍ မျက်မြင်လေ့လာရန် နှစ်လုံးထိုးမှန်ပြောင်း၊ အဝေးကြည့်မှန်ပြောင်း ရွေးချယ်ခြင်း၊ အသုံးချခြင်းကို လက်တွေ့ လေ့ကျင့်ကြသည်။

နေထိုင်ကျက်စားသည့် တောရိုင်းတိရစ္ဆာန်များအား မျက်မြင်အားဖြင့် လည်းကောင်း၊ မှန်ပြောင်းများဖြင့် လည်းကောင်း စောင့်ကြည့်လေ့လာကာ အမျိုးခွဲခြင်း(Species identification) ၊ အထီး အမ (Sex) နှင့် အရွယ်ခွဲခြားခြင်း (Aging)၊ ရုပ်ပိုင်းဆိုင်ရာ အခြေအနေ (Physical condition) နှင့် ကျန်းမာသန်စွမ်းမှုအခြေအနေ (Healthy condition) ဆန်းစစ်ခြင်း၊ အကောင်ဦးရေ မှတ်ယူခြင်းတို့ လက်တွေ့လုပ်ဆောင်ကာ ကွင်းဆင်းလေ့လာခြင်း အတွေ့အကြုံနှင့် ဗဟုသုတများ ရယူကြသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်အတွင်း တောရိုင်းတိရစ္ဆာန် ခြေရာများ (track) နှင့် ခြေရာခံနည်း (tracking) နှင့် တိရစ္ဆာန် အမှတ်အသား (animal sign) များ လေ့လာခြင်း၊ အဆိုပါတွေ့ရှိချက်အရ ဂေဟဆိုင်ရာ (ecological) အချက်အလက်များ ဖော်ထုတ်ခြင်းဖြင့် ဘာသာရပ်ဆိုင်ရာ အတွေ့အကြုံ ခံစားမှုများကို ရယူကြသည်။ ထပ်မံ၍ ဥယျာဉ် ဝန်ထမ်းများမှ ဥယျာဉ်တွင်း ကျက်စားသည့် နွားနောက်၊ ဆတ်၊ ဒရယ်၊ တောဝက်များ စားကျက် များ၌ ကျက်စားသည့် အကောင်ဦးရေ စာရင်းကောက်ခြင်း၊ အထီး အမ၊ အရွယ်နှင့် ရုပ်ပိုင်းဆိုင်ရာ လေ့လာစစ်ဆေးခြင်း လက်တွေ့လုပ်ကိုင်မှုများတွင် ပါဝင်ပူးတွဲ လုပ်ကိုင်ကာ အတွေ့အကြုံများ ရယူကြသည်။

ငှက်မျိုးစိတ်နှင့် ပတ်သက်၍ အသင်းဒုတိယဥက္ကဌ ဦးသက်ဇော်နိုင်မှ မြန်မာနိုင်ငံတွင် ကျက်စားသည့် ငှက်မျိုးစိတ်များ ဒေသရင်း (Endemic) ငှက်မျိုးစိတ်၊ စိုးရိမ်ရသည့် မျိုးသုဉ်းမှု အန္တရာယ်ရှိ (Critically Endangered) ငှက်မျိုးစိတ်များ၊ သဘာဝ နယ်မြေအလိုက် နေထိုင်ကျက်စားသည့် ငှက်မျိုးစိတ်



မန္တလေးတိုင်း၊ စွန်ရဲအင်းအတွင်း လှေဖြင့် ကွင်းဆင်းလေ့လာခြင်း









အကြောင်း ရှင်းလင်းဆွေးနွေးခြင်းဖြင့် အတွေ့အကြုံ ဗဟုသုတများ ယူကြသည်။

လော့ဂ်ကား သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း စခန်းချ နေထိုင်ခြင်းနှင့် ပတ်သက်၍ တောတွင်း ရွက်ဖျင်တဲထိုး စခန်းချနေထိုင်ခြင်း၊ စခန်းချနေရာ ရွေးချယ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်စေမှု နည်းစေသည့် နည်းဖြင့် တောတွင်းစခန်းချ သွားလာလေ့လာခြင်းတို့ကို ဒေါ်နှင်းပွင့်ဖြူ၏ လက်တွေ့ပြသမှုများကို လေ့ကျင့် လုပ်ဆောင်ကာ အတွေ့အကြုံ ရယူကြသည်။ လော့ဂ်ကားဥယျာဉ်အတွင်း ကျက်စားသည့် ငှက်မျိုးစိတ်များကို မှန်ပြောင်းဖြင့် မျိုးခွဲခြင်း၊ ငှက်တို့၏ပြုမူနေထိုင်ပုံများ လေ့လာခြင်း၊ ငှက်မှတ်တမ်းဓာတ်ပုံရိုက်ခြင်းကို လေ့ကျင့် ဆောင်ရွက်ကာ လုပ်ငန်း အတွေ့အကြုံ ရယူကြသည်။

သဘာဝ ထိန်းသိမ်းရေးနယ်မြေ ဖြစ်သည့် လော့ဂ်ကားဥယျာဉ်နှင့် နိုင်ငံတကာ အရေးကြီး ရေတိမ်ဒေသ (International Important Wetlands) ဖြစ်သည့် မိုးယွန်းကြီးအင်း ရမ်ဆာဒေသအကြောင်း၊ ထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်မှုလုပ်ငန်းများ လုပ်ဆောင်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ ရှင်းလင်းပြောကြားခြင်းကို လေ့လာမှတ်ယူခြင်း၊ သဘာဝအခြေခံခရီးသွားခြင်းကို လက်တွေ့ လုပ်ဆောင်ကာ သဘာဝဂေဟစနစ် ဖြစ်စဉ်နှ ဝန်ဆောင်မှုများကို လက်တွေ့ထိတွေ့ခံစားသည့် အတွေ့အကြုံ ရယူကြသည်။

ဆက်လက်၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ အလယ်ပိုင်း ပူပြင်းခြောက်သွေ့ဒေသ ဦးစားပေး ရေတိမ်ဒေသ လေ့လာဆန်းစစ်ခြင်း (Identifying Priorities for Wetlands Conservation in Myanamar's Dry Zone) လုပ်ငန်းအကောင်အထည်ဖော်သည့် ပလိပ်အင်း၊ စွန်ရဲအင်း၊ ပြူကန်နှင့် တောင်သမန်အင်း ရေတိမ်ဒေသများတွင် ရေတိမ်ဒေသ အကျိုးကျေးဇူးနှင့် ရေတိမ်ဒေသဝန်ဆောင်မှုအကျိုး (Benefit of wetlands service) အပေါ်မှီခိုကာ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းများ (community liveli-hood) ၊ ရေငှက်များ နေထိုင်ကျက်စားမှု၊ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများကို လေ့လာရန် ကွင်းဆင်းကြသည်။

မန္တလေးမြို့ ပလိပ်အင်း ရေတိမ်ဒေသအတွင်း ကွင်းဆင်းလှည့်လည်ကာ ရေတိမ်ဒေသ အမျိုးအစား၊ ရေ အခြေအနေ၊ ရေ၊ မြေ၊ လေ၊ အနံ့၊ အမြင်၊ အသံ ညစ်ညမ်းမှု အခြေအနေများကို မျက်မြင်လေ့လာသုံးသပ်သည်။ ရေတိမ်ဒေသအား မှီခိုအားထားကာ ရေတိမ်ဒေသ၏ သဘာဝဂေဟစနစ်ဆိုင်ရာဝန်ဆောင်မှုကို အကျိုးကျေးဇူးကို အသုံးချကာ ဒေသခံများ အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်သည့် လုပ်ငန်း (ငါး၊ ငါးရှဉ့်နှင့် ရေနေသတ္တဝါများ ဖမ်းယူ ရောင်းချခြင်း၊ စပါးနှင့် သီးနှံစိုက်ပျိုးခြင်း၊ ရေကြောင်းသွားလာမှု အသုံးချခြင်း)များ လေ့လာ တွေ့ရှိရသည်။ ဇီဝမျိုးစိတ်များ ဖြစ်သည့် ဌာနေရေငှက်များ၊ ဆောင်းခိုရေငှက် တချို့ ကျရောက်ကျက်စားသည်။ ထူးခြားမှုအနေဖြင့် စိုးရိမ်ရသည့် မျိုးသုဉ်းမှုအန္တရာယ်ရှိ မျိုးစိတ်ဖြစ်သော (ဗိုချပ် ခေါင်းစိမ်း Baer's Pochard) အကောင်ဦးရေ နည်းပါးစွာ ကျရောက် ကျက်စားကြောင်း သိရသည်။ မျိုးသုဉ်းမှု အန္တရာယ်ရှိ Endangered ရေငှက်မျိုးစိတ်ဖြစ်သည့် ဥပန်း Oriental Darter အကောင်ဦးရေ များစွာ ကျရောက် ကျက်စားကြောင်း သိရသည်။ ငှက်လေ့လာမှု မှတ်တမ်းများအရ Greylag Goose ၊ Red-cresteded Pochard ၊ Ferrugenous Pochard ၊ Tufted Duck ၊ Gadwall ၊ EurasianTeal ၊ Northren Shoveler ၊ Northern Pintail ၊ Great Cormorant ၊ Common Coot စသည့် ဆောင်းခိုရေငှက်များ ကျရောက် ကျက်စားကြောင်း သိရသည်။ ဌာနေ ရေဘဲမျိုးစိတ်အနေဖြင့် Comb Duck ၊ Lesser Whistling Duck ၊ Spot-billed Duck၊ ရေကြက် Common Moorhen များ၊ လင်းဝက် Night Heron ၊ ဗျိုင်းအောက် Pond Heron ၊ ဗျိုင်း Little Egret ၊ ကျွဲကျောင်းဗျိုင်း Cattle Egret ၊ ဗျိုင်းငန်း Great Egert ၊ ဘီကျား Pheasant-tailed Jacana ၊ ကြာဖက်နင်း Bronze-winged Jacana များနှင့် ရေငှက်ကြီးမျိုးစိတ် (Large Waterbird) များဖြစ်သော ခရုတုတ် Asian Openbill၊ ခရုစုပ်ခေါင်းမည်း White Ibis၊ ခရုစုပ်မည်း Glossy Ibis၊ ဟောစ်မွဲ Grey Heron၊ ဟောစ် Purple Heron စသည်တို့ ကျရောက် ကျက်စားကြောင်း သိရသည်။

လေ့လာချိန်တွင် အင်းအတွင်း ရေဝင်နည်းပါး၍ ရေပြင်ဧရိယာ ကျဉ်းပြီး၊ ကိုင်း၊ မြက်ရှည်များ ထူထပ်စွာ ပေါက်ရောက်သည့် အင်းစပ်နေရာ ရေဖုံး ဧရိယာတွင် ဗေဒါပင်များ ပေါက်ရောက်နေသည်ကို တွေ့ရသည်။ ငန်းရိုင်း Greylag Goose ၁၀ ကောင်ခန့် အင်းအတွင်းမှ ကောင်းကင်သို့ ထပျံသည်ကို သုံးကြိမ် တွေ့မြင်ရသည်။ Glossy Ibis အကောင် ၃၀ ခန့် အတန်းလိုက် ပျံသန်းသည်။ ခပ်ဝေးဝေးတွင် Black-headed Ibis အကောင်ဦးရေ ၂၀ ခန့် အုပ်စုဖွဲ့ ပျံသန်းနေသည်ကို တွေ့ရသည်။

နောက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် တည်ရှိသော တောင်သမန်အင်း ရေတိမ်ဒေသအတွင်း ကျရောက် ကျက်စားသည့် ရေငှက်များ လေ့လာခြင်း၊ ရေတိမ်ဒေသကို မှီခိုကာ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းပြု လုပ်ငန်းများအား လေ့လာခြင်း၊ ရေတိမ်ဒေသအပေါ် ထိခိုက်စေသည့် အကြောင်းအရာများ လေ့လာခြင်းတို့ကိုပြုလုပ်ကြသည်။ မန္တလေးတိုင်း၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးမှ တောင်သမန်အင်းရေတိမ်ဒေသအကြောင်း၊ အကျိုးကျေးဇူး၊ ထိခိုက်စေသည့်အချက်များ ရှင်းလင်း ဆွေးနွေးသည်။ တောင်သမန်အင်းသည် ဦးပိန် တံတားကြောင့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်မှုများသည့် ခရီးသွားလုပ်ငန်းနေရာတစ်ခု ဖြစ်သည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသည့်နေရာဖြစ်၍ အမှိုက်စွန့်ပစ်မှု၊ ရေဆိုးစွန့်ပစ်မှု၊ လူနေထူထပ်မှု စသည့် ပတ်ဝန်းကျင်ထိခိုက်မှုများ တွေ့ရသည်။ အင်းရေ ညစ်ညမ်းခြင်း၊ အနံ့ဆိုးခြင်း၊ အမြင်ပသာဒ မကောင်းခြင်းတို့ကို တွေ့ရသည်။ ဆောင်းခိုရေငှက်များအနေဖြင့် ဒေါင်းလန်း ခြေထောက်အကောင်ဦးရေ မြောက်မြားစွာ ကျက်စားကြောင်း သိရသည်။ ဟင်္သာနှင့် အခြားရေဘဲ မျိုးစိတ်အနည်းငယ် တွေ့ရသည်။ စနိုက် Snipe ၊ မြီးညှောင့်ငှက် Common Sandpiper ၊ တစ်တီတူးခေါင်းမွဲ Grey-headed Lapwing တို့ ကျက်စားကြောင်း တွေ့ရသည်။

မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် တည်ရှိသော စွန်ရဲအင်း ရေတိမ်ဒေသသို့ ကွင်းဆင်းလေ့လာသည်။ စက်လှေဖြင့် အင်းအတွင်း လှည့်လည်ကာ ကန်စစ်ပင်တွင် ပေါက်ရောက်သည့် အပင်များ၊ ရေမျက်နှာပြင် ပေါ်ပေါက်ရောက်သည့် အပင်များနှင့် အင်းအတွင်း ကျက်စားသည့် ရေငှက်များအား လေ့လာသည်။ အင်းအတွင်း သဘာဝရေတိမ်ဒေသ ဂေဟစနစ်ကို အမှီပြုကာ အသက်မွေး ဝမ်းကျောင်းပြု လုပ်ငန်းများ လေ့လာသည်။ ကြာပင်များ ပေါက်ရောက်မှုများပြီး၊ ကြာရိုးထုတ်၊ ကြာစွယ် ကြာရွက်နုထုတ်လုပ်ငန်းများ ပြုလုပ်နေသည်ကို တွေ့ရသည်။ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူ များပြားသည်။ အင်းအတွင်း လော့ဂ်လှေ၊ စက်တပ်ရေယာဉ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ များပြားခြင်းကြောင့် ရေငှက်ကျက်စားမှု

နည်းပါးကြောင်း တွေ့ရသည်။ ရေကြက်ဒုံ Moorhen ၊ ဘီကျား Pheasant-tailed Jacana ၊ ကြာဖက်နင်း Bronze-winged Jacana ၊ ခရုတုတ် Asian Openbill၊ ခရုစုပ်မည်း Glossy Ibis ၊ ငဟစ်မွဲ Grey Heron ၊ ငဟစ် Purple Heron ၊ စစ္စလီသေး Lesser Whistling Duck များ ကျက်စားသည်ကို လက်တွေ့ မြင်တွေ့ကြရသည်။

မြန်မာနိုင်ငံ၏ သဘာဝ ထိန်းသိမ်းရေးနယ်မြေ တစ်ခုဖြစ်သည့် မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ်အတွင်း တည်ရှိသော အမျိုးဗေဒဥယျာဉ် ဖြစ်သည်။ ဥယျာဉ်အတွင်း ဒေသရင်းအပင်မျိုး (၃၀၀) ကျော်နှင့် ပြည်ပအပင် (၇၄) မျိုး၊ ဝါးမျိုးစိတ် (၇၅)မျိုး စိုက်ပျိုးပြုစု ထိန်းသိမ်းထားသည်။ ဒေသရင်း ရွက်လှ (၇၅) မျိုး၊ ဒေသရင်းသစ်ခွ အမျိုး (၂၀၀)၊ နှင်းဆီမျိုးစိတ် (၂၅) မျိုး၊ လီလီပန်းမျိုးများ စိုက်ပျိုးပြုစု ထိန်းသိမ်းထားသည်။ ဥယျာဉ်အတွင်း သဘာဝရေထွက်နှင့် ရေပေါ် သစ်သားလျှောက်လမ်း ဆောက်လုပ်ထားသည်။ ငှက်လှောင်အိမ် (Bird Cage) ပြကွက်၊ သစ်ခွ စိုက်ပျိုးထိန်းသိမ်းသည့် ပြကွက်၊ လိပ်ပြာ မျိုးစိတ်ပျံသန်းသွားသည်ကို မြင်တွေ့ရသည်။

First Internship Program နောက်ဆုံးနေ့တွင် မန္တလေးတက္ကသိုလ် ညီ့ဆောင်တွင် လေ့လာမှု အစီရင်ခံစာ (မူကြမ်း) အပေါ် ဆွေးနွေးခြင်း၊ မှတ်တမ်းဓာတ်ပုံများ စိစစ်ခြင်း ပြုလုပ်ပြီး နေ့လယ်ပိုင်းတွင် တက်ရောက်မှု မှတ်တမ်းပေးအပ်ကာ ပိတ်ပွဲ အစီအစဉ် အောင်မြင်ပြီးမြောက်ခဲ့သည်။ First Internship Program အစီအစဉ်သည် တက္ကသိုလ်တွင် ဘွဲ့လွန် သင်တန်းတက်ရောက်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်၊ ဇီဝ



*တက္ကသိုလ် Internship အဖွဲ့နှင့် MBNS ၊ Wild Wings Group တို့ အမှတ်တရ*

သားကန်တော်ကြီးဥယျာဉ် (ယခင်အမည်မှာ ပြင်ဦးလွင် ရုက္ခဗေဒဥယျာဉ်) သို့ သွားရောက်လေ့လာကြသည်။ ဥယျာဉ်တွင် (၁၄) ကြိမ်မြောက် ပန်းပွဲတော် ကျင်းပသည့်အချိန်အခါ ဖြစ်၍ ထိုင်းနှင့် တရုတ်နိုင်ငံမှ အလှပန်းမျိုးစိတ် (၃၀) ကျော်၊ ဒေသမျိုးစိတ် (၃၀) ကျော် စုစုပေါင်း ပြည်တွင်းပြည်ပ ပန်းမျိုးစိတ် အရေအတွက်ပေါင်း (၆၀၀,၀၀၀) ကျော်ဖြင့် အလှဆင်ထားကြောင်း သိရသည်။ အမျိုးသားကန်တော်ကြီးဥယျာဉ်ကို ၁၉၁၅ ခုနှစ်တွင် စတင် တည်ထောင်သည်။ ဧရိယာ ဧက (၄၃၇) ကျယ်ဝန်းသည်။ မြန်မာနိုင်ငံတွင် ဖွဲ့စည်း တည်ထောင်ထားသည့် ထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်ပြီး၊ တစ်ခုတည်းသော ရုက္ခအကောင်နမူနာ (specimen) ပြခန်း ပြကွက်များ လေ့လာခဲ့သည်။

ပြုကန် ရေတိမ်ဒေသ ကွင်းဆင်း လေ့လာခဲ့သည်။ အနော်ရထာမင်းကြီး တည်ဆောက်ခဲ့သည့် ဆည်ဖြစ်သည်။ ပြုကန် ကျေးရွာမှဒေသခံများ သောက်သုံးရေကန် အဖြစ် အသုံးပြုသည်။ ထုံးတမ်းအစဉ်အလာ နတ်ကိုးကွယ်မှုအရ ကန်အတွင်း လှေဖြင့် သွားလာခြင်း မပြုကြပေ။ ရေကြက်ဒုံ Common Coot အကောင်ဦးရေ များစွာ ကျက်စားသည်။ ရေဘဲများ၊ ပိုချပ်ဘဲများလည်း ဆောင်းခိုကျက်စားကြကြောင်း မြင်တွေ့ရသည်။ ကန်ရေပြင်အထက် ကောင်းကင်ယံမှ ကြိုးကြာခေါင်းမည်း (၁၀)ကောင်ခန့် စီတန်းမျိုးစုံမျိုးကွဲ၊ ဂေဟစနစ်ဆိုင်ရာ ထိန်းသိမ်းရေး၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင် လေ့လာခြင်းဖြင့် လုပ်ငန်းအတွေ့အကြုံ၊ ဗဟုသုတများ ရရှိနိုင်ခြင်း၊ ဘာသာရပ်ဆိုင်ရာ လုပ်ငန်းစွမ်းရည် မြင့်တက်ခြင်း၊ ကွင်းဆင်းလုပ်ငန်းများတွင် လက်တွေ့ ပါဝင်ပူးပေါင်း လုပ်ကိုင်စွမ်းရှိခြင်း စသည့် အကျိုးများ ရရှိကာ ထိန်းသိမ်းရေးဆိုင်ရာ လူစွမ်းအား အရင်းအမြစ်များ ပိုမိုပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

**ဒေါက်တာသိန်းအောင်**